MRF
Myanmar Rice Federation

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

သတင်းထုတ်ပြန်ကြေညာချက်အမှတ် (၁၆/ ၂၀၂၄)

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၄) ရက်

## ပြည်တွင်းစားဆန်များ (ရွှေဘိုပေါ်ဆန်း/ ဧရာဝတီပေါ်ဆန်း) တို့ကို စားသုံးသူရေးရာဦးစီးဌာန၏ ရည်ညွှန်းဈေးများအတိုင်း ရောင်းဝယ်ရန် နှင့် ဆန်ဈေးကွက်ဈေးနှုန်းများ သင့်တင့်မျှတစေရေး အထူးအလေးပေး လိုက်နာဆောင်ရွက်ရန် နှိုးဆော်ချက်

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက သင့်တင့်မျှတသော ဆန်ဈေးကွက်ဈေးနှုန်း ထုတ်ပြန်ချက် (ဆန်ရည်ညွှန်းဈေးနှုန်း) များကို လစဉ်ထုတ်ပြန်ပေးလျက် ရှိပါသည်။ အဆိုပါ လစဉ်ထုတ်ပြန်သည့် ဆန်ရည်ညွှန်းဈေးနှုန်းများ နှင့်အညီ ရောင်းချရန်နှင့် ဈေးနှုန်းမြှင့်တင် ရောင်းချခြင်း၊ အရည်အသွေး မမှန်မကန် ရောင်းချခြင်းများ မပြုလုပ်ကြရန် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ဆန်စက်များ၊ ဆန်လက်လီလက်ကား အရောင်းဆိုင်များ၊ ပွဲရုံများ၊ ဆန်ကုန်သည်များနှင့် ဆန်လုပ်ငန်းရှင်များအား စဉ်ဆက်မပြတ် နှိုးဆော်သတိပေးလျက် ရှိပါသည်။

၂။ သို့ရာတွင် ယခုကာလအတွင်း လူမှုကွန်ယက် စာမျက်နှာများတွင် ဆန်ဈေးနှုန်းများကို တိုးမြှင့်ရောင်းချသည့် ကြော်ငြာများအား တွေ့ရှိလာရခြင်း၊ ဈေးကွက်အတွင်း၌လည်း ဆန်ဈေးနှုန်းများကို ရည်ညွှန်းဈေးထက် ပိုမိုတိုးမြှင့် ရောင်းချမှုများကို တွေ့ရှိရခြင်း၊ အထူးသဖြင့် ရွှေဘိုပေါ်ဆန်း၊ ဧရာဝတီပေါ်ဆန်းများကို စပါးသစ်ပေါ်ချိန်တွင် ဈေးကိုမြှင့်တင်ရန် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်မှုအချို့ကို ကြားသိနေရပါသည်။

၃။ သို့ပါ၍ ပြည်တွင်းစားဆန်များ ဖြစ်သည့် ရွှေဘိုပေါ်ဆန်း၊ ဧရာဝတီပေါ်ဆန်း၊ ဧရာမင်း၊ ဧရာပဒေသာ၊ မဂျမ်းတော၊ မနောသုခ စသည့် ဆန်အမျိုးအစားများကို သိုလှောင်ဈေးကစားမှုများ (လုံးဝ) မပြုလုပ်ရန်နှင့် ရည်ညွှန်းဈေး သတ်မှတ်ချက်အတိုင်းသာ ရောင်းဝယ်ရန် ထပ်မံ၍ တိုက်တွန်းနှိုးဆော် အသိပေးအပ်ပါသည်။ အဆိုပါ ပြည်တွင်းစားဆန်များသည် ပြည်ပတင်ပို့မှု လုံးဝမရှိဘဲ ပြည်တွင်း၌သာ ပစ္စည်းမှန်၊ ဈေးမှန် ရောင်းဝယ်ကြသည့် ဆန်များ ဖြစ်ပါသည်။ ထို ပြည်တွင်းစားဆန် ပေါ်ဆန်းများကို Export ပို့၍ ဈေးတက်သည်၊ သဘာဝဘေးဒဏ်ကြောင့် အထွက်များ အလွန်ထိခိုက်သည်ဆိုသော ဈေးမြှင့်တင်ရန် ရည်ရွယ်ချက်ရှိရှိဖြင့် အချို့သောကုန်သည်များမှ ထုတ်ပြန်လာသည့် သတင်းများမှာ သတင်းမှား Fake News များသာ ဖြစ်ပါသည်။

၄။ ထို့အပြင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ "ဆန်စပါး သိုလှောင်ရုံ မှတ်ပုံတင်ခြင်းဆိုင်ရာအမိန့်" အရ ဆန်တန်ချိန် (၂၅) တန်နှင့်အထက် (သို့မဟုတ်) စပါးတင်း (၂၅၀၀) နှင့်အထက် သိုလှောင်မှုများအား Myanmar Rice Online-MyRO တွင် (၂၄-၁၂-၂၀၂၄) ရက်နေ့မတိုင်မီ မှတ်ပုံတင် စာရင်းသွင်းရမည် ဖြစ်ကြောင်း ထပ်မံနှိုးဆော် အသိပေးအပ်ပါသည်။

၅။ သို့ပါ၍ စားသုံးသူရေးရာဦးစီးဌာနမှ လစဉ်ထုတ်ပြန်သည့် သင့်တင့်မျှတသော ဆန်ရည်ညွှန်းဈေးနှုန်းများဖြင့် လိုက်နာဆောင်ရွက် ရောင်းဝယ်ကြရန်နှင့် လိုက်နာဆောင်ရွက်မှု မရှိပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ ပုဒ်မ (၅) အရ တရားစွဲဆိုခြင်း၊ ဒဏ်ငွေနှင့် အခွန်ငွေ သတ်မှတ်ပေးဆောင်စေခြင်း စသည့် ထိရောက်စွာ အရေးယူမှုများ ဆောင်ရွက်လျက် ရှိပါသောကြောင့် အလေးအနက်ထား၍ လိုက်နာဆောင်ရွက်ကြပါရန် ထပ်မံအသိပေး တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်**